# မဟာဝဇီရဝိပဿနာဉာဏ်တော်

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးကို အနိစ္စဉာဏ် ဒုက္ခဉာဏ် အနတ္တဉာဏ် သုံးမျိုးဖြင့် ဝိပဿနာရှုလျှင် ၁၂ x ၃ = ၃၆ ပါးသော ဝိပဿနာဉာဏ်များ ဖြစ်၏ ကြိုးနည်းဖြင့် စကြဝဠာတိုက် ကုဋေပေါင်း တသိန်းတိုင်အောင် ဝိပဿနာရှု၏

အရှုခံတရားတွေက အဝိဇ္ဇာပေါင်း ကုဋေတသိန်း၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ ပေါင်း တသိန်းစီ ဖြစ်၍ ကုဋေပေါင်း တဆယ့်နှစ်သိန်း ရှိတယ်။

ဝိပဿနာ အရှုခံ ပဋိစ္စသမုပ္ပါဒ်တရား ကုဋေပေါင်း တဆယ့်နှစ်သိန်းတို့ကို အနိစ္စလို့ ရှုသောဉာဏ်က ကုဋေပေါင်း တဆယ့်နှစ်သိန်း၊ ဒုက္ခ၊ အနတ္တ လို့ ရှုသော ဉာဏ်ကလည်း ကုဋေပေါင်း တဆယ့်နှစ်သိန်းစီ ဖြစ်၏

ကုဋေပေါင်း တဆယ့်နှစ်သိန်းကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ် သုံးပါးဖြင့် မြှောက်လျှင် မဟာဝဇီရဝိပဿနာဉာဏ်တော် ကုဋေသုံးသန်း ခြောက်သိန်း ဖြစ်၏။

ဘုရားအလောင်းတော်များသည် မဟာဝဇီရဝိပဿနာဉာဏ်တော်ဖြင့် အရဟတ္တမဂ်ဉာဏ်ရအောင် ဝိပဿနာအလုပ်ကို အားထုတ်တော်မူကြ၏။

ပညာဉာဏ်ကြီးသော ပုဂ္ဂိုလ်များသည် များသောအားဖြင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂) ပါးကို ဝိပဿနာဘူမိ = ဝိပဿနာအရှုခံထား၍ အားထုတ်ကြ၏။

# ပဋိစ္စသမုပ္ပါဒ်တရားတော်

ပဋိစ္စသမုပ္ပါဒ် ဟူသည် အဝိဇ္ဇာစသော အကြောင်းတရားတို့ဖြစ်သည်။
ပဋိစ္စသမုပ္ပန္န ဟူသည် ထိုအဝိဇ္ဇာစသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာသော သင်္ခါရစသော အကျိုးတရားတို့ဖြစ်သည်။

(ဝိသုဒ္ဓိ၊ ၂၊ ၁၄၇)

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို
ဉာတပရိညာ (ရုပ်နာမ်သဘာဝကိုသိခြင်း)
တီရဏပရိညာ (အနိစ္စ ဒုက္ခ အနတ္တ ဟုသိခြင်း)
ပဟာနပရိညာ (ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ကိလေသာကိုပယ်ခြင်း)
ဉာဏ် (၃) ပါးတို့ဖြင့် မသိခြင်းကြောင့် သံသရာခရီးထဲ၌ ကျင်လည်နေကြသို့ ဖြစ်၍ အပါယ်ဒုဂ္ဂတိသံသရာကို၎င်း သုဂတိသံသရာကို၎င်း မလွန်မြောက်နိုင်ဘဲ ဖြစ်နေ၏။ (ဒီ၊ ၂၊ ၄၇)

ဟောနည်း (၄) မျိုး

၁။ အစမှ အဆုံးတိုင်အောင် ဟောတော်မူသော အနုလောမနည်း
၂။ အလယ်ဝေဒနာမှစ၍ အဆုံးတိုင်အောင် ဟောတော်မူသော အနုလောမနည်း
၃။ အဆုံးမှ အစတိုင်အောင် ဟောတော်မူသော ပဋိလောမနည်း
၄။ အာဟာရလေးပါးသည် တဏှာကြောင့်ဖြစ်၏၊ တဏှာသည် ဝေဒနာကြောင့်ဖြစ်၏ စသည်ဖြင့် အလယ်မှ အစတိုင်အောင် ဟောတော်မူသော ပဋိလောမနည်း

(ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ၂၊ ၁၈၄-၅)

၁။ အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုးတရားဖြစ်ခြင်း၊ ပစ္စုပ္ပန်အကြောင်းတရားကြောင့် အနာဂတ်အကျိုးတရားဖြစ်ခြင်း ဟောသော် တစ်မျိုးလာ၏။ (ပဋိသမ္ဘိဒါမဂ်)

# မဟာနိဒါနသုတ်

၁။ အဝိဇ္ဇာမှ ဇရာမရဏတိုင်အောင် ဟော (အနုလောမ ပဋိစ္စသမုပ္ပါဒ်နည်း)

၂။ ဇရာမရဏမှ အဝိဇ္ဇာတိုင်အောင်ဟော (ပဋိလောမနည်း)

၃။ အစနှင့်အဆုံးမှ အလယ်တိုင်အောင်ဟော (အနုလောမ ပဋိလောမနည်း)

၄။ အလယ်မှ အစနှင့်အဆုံး တိုင်အောင်ဟော (အနုလောမ ပဋိလောမနည်း)

(ဒီ၊၂၊၄၇)

## ဟောခြင်းအကျိုး

၁။ သဿတဝါဒ စသည်တို့၏ မရှိခြင်းကို ထင်ရှားပြ၏။

၂။ ဥစ္ဆေဒဝါဒ စသည်ကို ပယ်ခြင်းကို ထင်ရှားပြ၏။

၃။ ထိုအစွန်းနှစ်ဘက်မှ လွတ်သော မဇ္ဈိမပဋိပဒါ မဂ္ဂင်(၈)ပါး အကျင့်တရားကို ထင်ရှားပြ၏။

## ဝဋ်(၃)ပါး

ကိလေသဝဋ်ဟူသည် အဝိဇ္ဇာ တဏှာ ဥပါဒါန်

ကမ္မဝဋ်ဟူသည် သင်္ခါရ ကမ္မဘဝ

ဝိပါကဝဋ်ဟူသည် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ

## နာမ်ရူပပစ္စယာ သဠာယတနံ

၁။ နာမ်ကြောင့် မနာယတနဖြစ်ခြင်း

၂။ နာမ်ကြောင့် ရုပ်အာယတနဖြစ်ခြင်း

၃။ ရုပ်ကြောင့် ရုပ်အာယတနဖြစ်ခြင်း

၄။ ရုပ်ကြောင့် မနာယတနဖြစ်ခြင်း

၅။ နာမ်ရုပ်ကြောင့် မနာယတနဖြစ်ခြင်း